**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 08 2196 2258, E-mail:kcsn2010@gmail.com

**စက်တင်ဘာ ၂၈ ရက်၊ ၂၀၂၁ ခုနှစ်**

**ကရင်နီလူမှုအသင်းအဖွဲ့များကွန်ယက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက် စက်တင်ဘာလ ၁၃ရက်မှ ၂၆ ရက်၊ ၂၀၂၁ ခုနှစ်**

**ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း**

| **စဉ်** | | **ဖေဖော်ဝါရီ ၁ – စက်တင်ဘာ ၁၂** | **စက်တင်ဘာ ၁၃ – စက်တင်ဘာ ၂၆** | **စုစုပေါင်း** |
|---|---|---|---|---|
| **၁** | သတ်ဖြတ်ခံရခြင်း | ၈၆ | ၂ | ၈၈ |
| ၂ | ဖမ်းဆီးခံရခြင်း | ၁၇၉ | ၅ | ၁၈၄ |
| ၃ | ထိခိုက်ဒဏ်ရာရခြင်း | ၁၁၁ | ၂ | ၁၁၃ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၈ | | ၁၈ |
| | ဒီးမော့ဆိုမြို့နယ် | ၁၈၁ | ၅၀ | ၂၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၄ | | ၅၄ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ စက်တင်ဘာ ၁၂ ရက်နေ့ အထိ** | **IDPs အသစ် စက်တင်ဘာ ၁၃ – စက်တင်ဘာ ၂၆ ရက်နေ့** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၂၇၃၁၁ | | ၂၇၃၁၁ |
| ၂ | ဒီးမော့ဆို | ၅၈၂၆၅ | ၁၀၀၀၀ | ၆၈၂၆၅ |
| ၃ | ဖရူဆို | ၃၄၀၃ | | ၃၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၃၁၀၀၀ | | ၃၁၀၀၀ |
| ၆ | ရှားတော | ၇၂၈ | | ၇၂၈ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၁၂၉၄၄၉** | **၁၀၀၀၀** | **၁၃၉၄၄၉** |



စကစတိုက်ခိုက်မှုများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ စက်တင်ဘာလ(၁၃)ရက်မှ၊ စက်တင်ဘာလ (၂၆)ရက်၊ ၂၀၂၂ခုနှစ်
N
W
E
S
ဖယ်ခုံ
မိုးဗြဲ
နမ့်တဘက်ချောင်း
လွိုင်ကော်
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
ဒီးမော့ဆို
ဖရူဆို
ရှားတော
ဘောလခဲ
ရှာသစ်
နမ့်ပွန်ချောင်း
သံလွင်
သံလွင်
# ၁
# ၂
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
မယ်စဲ့
အညွှန်း
PDF မှ ဖေါက်ခွဲဖြိုချမှု
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌါနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌါနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
မော်ချီး တောင်ငူကားလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

- **ရွာသားများ ဖမ်းဆီးခံရခြင်းနှင့် လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း**

စစ်ကောင်စီအာဏာသိမ်းသည့် အချိန်မှစပြီး ကရင်နီပြည်နှင့် ဖယ်ခုံမြို့နယ်တွင် ဖမ်းဆီးခံရသည့် လူဦးရေသည် ၁၇၉ ဦးမှ ပြီးခဲ့သည့်သီတင်းနှစ်ပတ်အတွင်း ၁၈၄ ဦးအထိ တိုးလာခဲ့ပြီး ဖမ်းဆီးခံထားရသော ရွာသားများသည် လူသားဒိုင်းကာအဖြစ် စစ်သားများ၏ စစ်ကြောင်းတွင် အတင်းအစွမ အသုံးပြုခံနေရသည်။

စက်တင်ဘာလ ၁၃ ရက်နေ့ ညနေအချိန်တွင် လွိုင်ကော်မြို့၌ အမျိုးသမီးတစ်ဦး အကြောင်းမဲ့ အဖမ်းခံရသည်။

စက်တင်ဘာလ(၁၄) ရက်နေ့၊ လွိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၌ စစ်ကောင်စီမှ ဝင်ရောက်စစ်ဆေးခဲ့ရာ ရပ်ကွက်နေအမျိုးသမီးတစ်ဦးအား စစ်ဆေးမေးမြန်းကာ အကြောင်းမဲ့ ဖမ်းဆီးသွားခဲ့သည်။

စက်တင်ဘာလ (၂၅)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ညောင်ကုန်းရွာကို စစ်ကောင်စီမှ လူငယ်(၃)ဦး ဖမ်းသွားပြီး လူသားဒိုင်းကာအဖြစ် အတင်းအစွမ အသုံးပြုကြောင်းသိရသည်။

- **ဆက်လက်ဖြစ်ပေါ်နေသော စစ်ကောင်စီ၏ နယ်မြေရှင်းလင်းရေး၊ အရပ်သားများ ရှိရာအရပ်သို့ လက်နက်ကြီးများ ပစ်ခတ်ခြင်းနှင့် အရပ်သားများ၏ နေအိမ်များ မီးရှို့ခံရခြင်း**

စက်တင်ဘာလ (၁၃) ရက်နေ့၊ ဒီမောဆိုမြို့နယ် ငွေတောင်ရွာ၌ နေအိမ်တစ်လုံးအား စစ်ကောင်စီမှ မီးရှို့ဖျက်ဆီးခဲ့ပြီး ဘေးအိမ်တစ်လုံးပါ မီးကူးသွားသောကြောင့် နေအိမ်နှစ်လုံး မီးလောင်ပျက်စီးခဲ့ရသည်။

စက်တင်ဘာလ (၁၃) ရက်နေ့၊ လွိုင်ကော်မြို့နယ် ရေနီကန်ကျေးရွာအနီးတွင် PDF အဖွဲ့နှင့် စစ်ကောင်စီတပ်တို့ အပြန်အလှန်ပစ်ခတ်ကြပြီး စစ်ကောင်စီမှ လက်နက်ကြီးများ ပစ်ခတ်ခြင်းကြောင့် နေအိမ်အချို့ပျက်စီးကာ အရပ်သား(၁)ဦး ကျည်ဆံထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်

စက်တင်ဘာလ (၁၄) ရက်နေ့တွင် စီကောင်စီတပ်၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒီးမော့ဆိုမြို့နယ်၊ ထူလွီးဘီလာကျေးရွာအတွင်း နေအိမ်အချို့ပျက်စီးခဲ့ရသည်။

စက်တင်ဘာလ (၁၄) ရက်နေ့၊ ငွေတောင်အခြေစိုက် တပ်ရင်းများမှ လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်မှုများကြောင့် ငွေတောင်ကျေးရွာအုပ်စုရှိ ဒေါင်ရောက်ကျေးရွာမှ နေအိမ် (၂)လုံး လက်နက်ကြီး ထိမှန်ပျက်စီးသွားခဲ့သည်။

စက်တင်ဘာလ (၁၄) ရက်၊ KNPP နှင့် KNDF ပူးပေါင်းတပ်တို့သည် မနက် (၅:၀၀) နာရီအချိန်တွင် စစ်ကောင်စီတပ်နှင့် ဖရူဆိုမြို့နယ်၊ ကဒါးလားကျေးရွာတွင် လေးနာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ KNDF မှ တပ်သား(၂)ဦး ကျဆုံးကာ စစ်ကောင်စီတပ်မှ (၃)ဦးထက်မနည်း သေဆုံးသည်။



*ရေနီကန်မှ ထိခိုက်ဒဏ်ရာရသော ရွာသား၊ လွိုင်ကော်*



*စကစလက်နက်ကြီးပစ်ခတ်မှုကြောင့် ထိမှန်ဒဏ်ရာရှိသော ကုန်းသာရွာသား (Photo:KNDF )*

စက်တင်ဘာလ (၁၅)ရက်၊ KNPP နှင့် KNDF ပူးပေါင်းတပ်တို့သည် ဒီးမော့ဆိုမြို့နယ်၊ ထွီးလွီဘီလာ ကျေးရွာအနီးတွင် တပ်စွဲထားသော စစ်ကောင်စီတပ်နှင့် နှစ်ဖက်ထိတွေ့ တိုက်ခိုက်မှုရှိ ခဲ့သည်။

စက်တင်ဘာ (၁၆)ရက် ဒီးမော့ဆိုမြို့နယ်၊ (၆) မိုင်ကျေးရွာအနီးတွင် KNPP နှင့် KNDF ပူးပေါင်းတပ်တို့သည် စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ပွဲအတွင်း စစ်ကောင်စီမှ (၄) ဦးခန့် သေဆုံးသည်။ ထိုတရက်တည်းအတွင်း ည(၇)နာရီခန့်တွင်လည်း ဒီးမော့ဆိုမြို့နယ်၊ ဒေါပိုးစီနှင့် ပန်ကန်းကြား အင်အားဖြည့်တင်းလာသည့် စစ်ကောင်စီတပ်အား KNPP နှင့် KNDF ပူးပေါင်းတပ်တို့မှ တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ အနည်းဆုံး (၂) ဦး သေဆုံးခဲ့သည်။

စက်တင်ဘာလ (၁၇)ရက်၊ နံနက်(၉:၃၀)နာရီ ဝန်းကျင်တွင် ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီကျေးရွာနှင့် စံပြ(၆)မိုင် ကျေးရွာအကြား KNPP နှင့် KNDF ပူးပေါင်းတပ်တို့သည် အင်အား (၂၀၀) ခန့်ရှိသော စစ်ကောင်စီတပ်နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် KNPP တပ်မတော်မှ တပ်ကြပ်ကြီး(၁)ဦးကျဆုံးသွားခဲ့သည်။

စက်တင်ဘာလ (၂၀)ရက်နေ့၊ စစ်ကောင်စီတပ်များ၏ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာထဲ လက်နက်ကြီး ကျရောက်ပြီး ရွာသားတစ်ဦးအား ဗုံးစထိမှန်ခဲ့သည်။ တစ်ရက်တည်းတွင် ဒီမောဆိုမြို့နယ်၊ ဒေါပိုးစီကျေးရွာအနီးတွင် KNPP နှင့် KNDF ပူးပေါင်းတပ်တို့သည် စစ်ကောင်စီတပ်နှင့် နံနက် (၁၁)နာရီတွင်တစ်ကြိမ်နှင့် ညနေ(၄)နာရီတွင် တစ်ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း KNDF မှ တပ်သားတစ်ဦး ကျဆုံးကာ အချို့ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် အရပ်ဝတ်များဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ကာ ပြည်သူ့အိုးအိမ်များကို ဖောက်ထွင်းပြီး ပစ္စည်းများ ယူဆောင်သွား ကြသည်။

စက်တင်ဘာလ(၂၂)ရက်နေ့၊ ဒီမောဆိုမြို့နယ်ရှိ စစ်ကောင်စီပိုင် Mytel တာဝါတိုင် ဖျက်ဆီးခံခဲ့ရသည်။

စက်တင်ဘာလ(၂၃)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာအနီး ကျောက်ဆည်ကန်တွင် KNPP နှင့် KNDF ပူးပေါင်းတပ်တို့သည် စစ်ကောင်စီတပ်နှင့် ညနေ (၆:၃၀) အချိန်တွင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ ထိုတရက်တည်းအတွင်း ဖယ်ခုံမြို့နယ်တွင်လည်း KNPP၊KNDF ပူးပေါင်းတပ်တို့သည် စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

စက်တင်ဘာလ(၂၅)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာဘက်သို့ အင်အား အလုံးအရင်းဖြင့် ထိုးစစ်ဆင်လာသော စစ်ကောင်စီတပ်များကို KNPP နှင့် KNDF ပူးပေါင်းတပ်တို့မှ ခုခံတိုက်ခိုက်ရာ နံနက် ၈ နာရီ ၄၅ မိနစ်မှစ၍ ည ၇ နာရီထိ တိုက်ပွဲအပြင်း အထန် ဖြစ်ပွားကာ တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ ၁၀ ဦး သေဆုံးပြီး KNDF ဘက်မှ ၁ ဦးကျဆုံးကြောင်း ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့ (KNDF) က သတင်း ထုတ်ပြန်သည်။ စစ်ကောင်စီတပ်မှ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုကြောင့် သေးဆူလဲကျေးရွာမှ သင်းအုပ်ဆရာတစ်ဦး၏ နေအိမ်အပါအဝင် အခြားနေအိမ်တလုံး ထိမှန်ပျက်စီးခဲ့ပြီး ကုန်းသာကျေးရွာရှိ နေအိမ် (၄)လုံးအား စစ်ကောင်စီမှ မီးရှို့ ဖျက်စီးခဲ့သည်။

စက်တင်ဘာလ (၂၅) ရက်နေ့၊ ဖြစ်ပွားနေသောတိုက်ပွဲအတွင်း ညနေ ၄ နာရီခွဲခန့်တွင် တိုက်ပွဲကြား ဖြတ်သန်းသွားသော အဖြူရောင် ကား ၁ စီးအား စစ်ကောင်စီတပ်ဖွဲ့များမှ ပစ်ခတ်လိုက်ပြီး အဆိုပါ ကားသည် မီးလောင်ကျွမ်းသွားပြီး ကားပေါ်ပါ ပြည်သူ ၁ ဦး သေဆုံးခဲ့သည်။ သည့်အပြင် စက်တင်ဘာလ (၂၅) ရက်နေ့တွင်လည်း ကုန်းသာကျေးရွာရှိ အမျိုးသားတစ်ဦးသည် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ထိမှန်သေဆုံးခဲ့သည်။

စက်တင်ဘာလ (၂၆)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ် ကုန်းသာ၊ ကျောက်ဆည်ကန်၊ သေးဆူလဲအနီးတွင် စစ်ကောင်စီတပ်များနှင့် KNPP၊KNDF၊PDF ပူးပေါင်းတပ်တို့ နေ့လည် (၁၀)နာရီအချိန်တွင် ထပ်မံတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားသည့် ကုန်းသာကျေးရွာတွင် စစ်ကောင်စီတပ်များမှ

ပြည်သူ့အိုးအိမ်(၃)လုံးအား ထပ်မံမီးရှို့ခဲ့သည်။ တိုက်ပွဲဖြစ်ပွားခဲ့သောနေရာတွင် စစ်ကောင်စီမှ နေအိမ် (၃၅) လုံး မီးရှို့ဖျက်ဆီးခဲ့ပြီး (၁၅) လုံး သည် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ထိမှန်ပျက်စီးခဲ့ကြောင်း KNDF မှ ထုတ်ပြန်သည်။ တိုက်ပွဲကြောင့် ဒီးမော့ဆိုမြို့နယ် ကုန်းသာ၊ ကျောက်ဆည်ကန်၊ သေးဆူလဲ၊ ဒေါင်ခါးစသည့် ရွာများမှ ဒေသခံများနှင့် အနီးနားတဝိုက်ရှိကျေးရွာပေါင်း (၁၀)ရွာမှ ဒေသခံ တစ်သောင်းနီးပါး ထွက်ပြေးတိမ်းရှောင် နေကြရသည်။



*ဒီးမော့ဆိုမြို့နယ်၊ သေးဆူလဲနှင့် ကုန်းသာကျေးရွာမှ ၂၅-၂၆ ရက်နေ့တွင် စစ်ကောင်စီမှ မီးရှို့ခံလိုက်သည့်အိမ်များ (ဓါတ်ပုံ - KNDF)*

- **လူသားချင်းကူညီထောက်ထားမှု အကူအညီ၏ကား တိုက်ခိုက်ခံရခြင်း**

စစ်ကောင်စီသည် အရပ်သားပြည်သူများကို ပစ်မှတ်ထား ပစ်ခတ်နေရုံမကဘဲ စစ်ဘေးရှောင်များအတွက် ကူညီပေးနေသော လူသားချင်းကူညီထောက်ထားမှု ကူညီသူများအား ပစ်မှတ်ထားကာ စစ်ဆေးမေးမြန်းခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ လုပ်နေလာနေသည့်အတွက် လူမှုကူညီနေသူများသည် နေ့စဉ်နှင့်အမျှ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်။

စက်တင်ဘာလ ၁၇ ရက်နေ့၊ စစ်ဘေးရှောင်ပြည်သူတွေအတွက် ဆေးဝါးနှင့် ရိက္ခာသယ်ယူပြီး လွိုင်ကော်မြို့မှ ဒီမော့ဆိုမြို့ဖက်သို့ ပြန်လာသည့် စေတနာ့ဝန်ထမ်းတစ်ဦး၏ကားအား ဖိမိုင်နှင့် ဇရပ်ဖြူသွားသည့်လမ်းထောင့်တွင် စစ်ကောင်စီမှ ပစ်ခတ်လိုက်သည်။ စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် ကား၏အရှေ့ကားမှန်ထိသွားပြီး ကံကောင်းစွာဖြင့် ယဉ်မောင်းသည် အသက်ဘေးမှ လွတ်မြောက်လာခဲ့သည်။

- **ကရင်နီပြည်၏ ကိုဗစ်အခြေအနေ**

ကရင်နီပြည်၏ ကိုဗစ်အခြေအနေ (စကစ ကျန်းမာရေးဌာန)

| ရက်စွဲ | ကိုဗစ်ပိုးတွေ့လူနာ | သေဆုံးသည့် ဦးရေ |
| --- | --- | --- |

| | | |
|---|---|---|
| ဇွန် ၁၅ မှ ဇူလိုင် ၁၈၊ ၂၀၂၁ | ၁၅၇ | ၃ |
| ဇူလိုင် ၁၉ မှ ဩဂုတ် ၁၊ ၂၀၂၁ | ၄၆၃ | ၂၀ |
| ဩဂုတ် ၂ မှ ဩဂုတ် ၁၅၊ ၂၀၂၁ | ၄၂၅ | ၂၇ |
| ဩဂုတ် ၁၆မှ ဩဂုတ် ၂၉၊၂၀၂၁ | ၄၉၂ | ၁၆ |
| ဩဂုတ် ၃၀ မှ စက်တင်ဘာ ၁၂၊ ၂၀၂၁ | ၇၉၆ | ၂၇ |
| စက်တင်ဘာလ ၂၃ မှ စက်တင်ဘာလ ၂၆၊ ၂၀၂၁ | ၇၈၀ | ၂၈ |

ယခုဖော်ပြထားသော ကိန်းဂဏန်းသည် အိုင်ဒီပီ စခန်းများ၏အရေအတွက်အား ထည့်သွင်းထားခြင်း မရှိသည့်အတွက် ကိန်းဂဏန်းအမှန်သည် သည်ထက်များစွာ များနေနိုင်သည်။

**Contact persons:**
Khu Ko Reh Tel: +668 2196 2258
Ruby Tel: +666 3184 2980
Website : www.karennicsn.org
Email: kcsn2010@gmail.com